# သောင်းဝေဦး

# ကျွန်တော်သိသောဗိုလ်ချုပ်ကြီးသိန်းစိန်
# သို့မဟုတ် သမ္မတကြီးဦးသိန်းစိန်





# သောင်းဝေဦး

# စာရေးသူ၏အမှာ

ကျွန်တော်တို့မြန်မာနိုင်ငံတွင် ဒုတိယအကြိမ် ဒီမိုကရေစီအစိုးရ တက်လာပါပြီ။ ဒီတစ်ခါ အစိုးရကတော့ ဒီမိုကရေစီ ICON ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အရပ်သားအစိုးရစစ်စစ်ကြီးဖြစ်သည်။ စစ်ဗိုလ်စစ်သား အနည်းအကျဉ်းသာပါတော့သည်။ အနှစ်၅၀ကျော် စစ်သားတွေ ကြီးစိုးသည့်ကာလကြီး မြန်မာနိုင်ငံမှာ ပြီးဆုံးသွားပြီဟုဆိုနိုင်ပါပြီ။

၁၉၈၈ခုနှစ် အရေးအခင်းကြီးနောက်ပိုင်း Military Junta ဖြင့် အုပ်စိုးစဉ်ကာလက အနှစ် ၂၀ နိုင်ငံ့ခေါင်းဆောင်လုပ်သွားသူမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဖြစ်၏။ နဝတ၊ နယက၊ နအဖ အစိုးရ အမည်ဖြင့် အုပ်ချုပ်သွားသည်။ နှစ်ပေါင်းများစွာ တိုင်းပြည်အား စစ်ယူနီဖောင်းဖြင့် အုပ်ချုပ်ခဲ့ရာ အများစုက မကြိုက်ကြပါ။ ပြင်ပကမ္ဘာကလည်း မကြိုက်ကြပါ။ Sanction အမျိုးမျိုးဖြင့် မြန်မာနိုင်ငံအား ပိတ်ဆို့ထားခဲ့သည်။ အစိုးရမှာ ရပ်တည်နိုင်အောင် အတော်ကြိုးစားအားထုတ်ခဲ့ရသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ပြည်တွင်းကလည်း သိပ်မကြိုက်၊ ပြည်ပကလည်း သိပ်မကြိုက်နှင့် ဘက်ပေါင်းစုံပိတ်ဆို့ထားမှုကြောင့် တိုင်းပြည်မှာ တိုးတက်သင့်သလောက် မတိုးတက်ခဲ့ပါ။ သို့ရာတွင် ဦးနေဝင်း၏ ပါတီကောင်စီအစိုးရထက်တော့ သာပါသည်။ လူတွေနိုင်ငံခြားထွက်ခွင့်ရသည်။ ပုဂ္ဂလိက

စီးပွားရေးများလုပ်ခွင့်ရှိသည်။ လယ်သစ်ယာသစ်တွေ ပေါ်လာသည်။ ငြိမ်းချမ်း ရေးအထိုက်အလျောက် ရလာသည်။ ဦးသန်းရွှေ ကောင်းတာတွေလုပ်တာ ရှိပါသည်။

လမ်းတွေဖောက်သည်။ တံတားတွေဆောက်သည်။ သပ်ရပ်သားနား၍ ခန့်ညားထည်ဝါ သော ကမ္ဘာ့အဆင့်မီလွှတ်တော်ကြီး ဆောက်ပေးခဲ့သည်။ အဲဒါပေမဲ့ ဘာကောင်းတာပဲလုပ်လုပ် ပြည်သူကမကြိုက်သဖြင့် အကောင်းမမြင်ပါ။ ကျွန်တော့်မိတ်ဆွေ မြဝတီမြို့က NLD အမျိုးသမီးများကတော့ ဦးသန်းရွှေဘာမှမကောင်းဘူး၊ ကောင်းတာတစ်ခုမှမရှိဘူးဟု ခါးခါးသီးသီး ကျွန်တော့်ကို ပြောဖူးသည်။

ကျွန်တော်က သူတို့စကားနားထောင်ပြီး . . .

``ကောင်းတာ တစ်ခုတော့ရှိပါတယ်ဗျာ´´ ဟုဆိုခဲ့၏။

``ဒါဆို ဘာလဲပြော . . . သူက ဘာကောင်းတာလဲ´´

``ဟဲ . . . ဟဲ . . . ကံကောင်းတာလေဗျာ။ ရေးကံကောင်းခဲ့တော့ တိုင်းပြည်ခေါင်းဆောင် အနှစ် ၂၀ လောက် လုပ်ရတာ မဟုတ်လား´´ ဟုပြန်ပြောမိသည်။

သူတို့တစ်တွေက မဲ့ပြုံးပြုံးကြ၏။ ဘာမှထပ်မပြောခဲ့။

ဦးသန်းရွှေက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြီး ၂၀၁၀ ခုနှစ်ရွေးကောက်ပွဲနှင့် ဒီမိုကရေစီအစိုးရသစ် ဖော်ဆောင်ခဲ့၏။

NLD ဝင်မပြိုင်ခဲ့၍ ပထမအကြိမ် ဒီမိုကရေစီအစိုးရသစ်၌ NLD တွေမပါနိုင်ခဲ့။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ၅၉ (စ) တို့ ၄၃၆တို့ စသည့်ပုဒ်မများသည် NLD ခေါင်းဆောင်တွေကို

အကြပ်တွေ့စေခဲ့၏။ ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်ရေးကို ဟန့်တားထားခဲ့၏။

ဤဥပဒေကြောင့် ဦးသန်းရွှေကို မလိုမုန်းထားသူတွေ ပိုများခဲ့၏။ နိုင်ငံခြားမှ စာရေးဆရာများက ဦးသန်းရွှေအား Burma Tyrant မြန်မာနိုင်ငံက မင်းဆိုးမင်းညစ်ဟု ကင်ပွန်းတပ်ခဲ့၏။

သူ့အကြောင်း စာအုပ်တွေရေးကြသည်။ အားလုံးလိုလိုက ဦးသန်းရွှေမကောင်းကြောင်း ရေးထားသည့် စာအုပ်များသာဖြစ်၏။

ပြီးခဲ့သည့် သုံးလေးလက ``ကျွန်တော်သိသော ဗိုလ်ချုပ်မှူးကြီးသန်းရွှေ´´ အမည်ဖြင့် သူ့ အကြောင်းစာအုပ်တစ်အုပ် ကျွန်တော်ရေးခဲ့သည်။

ကျွန်တော်သည် ဦးသန်းရွှေနှင့် တပ်ထဲတွင် ၂နှစ်၊ Y.C.D.C တွင် ၈ နှစ်၊ ပေါင်း ၁၀ နှစ်ခန့် နီးနီးကပ်ကပ်နေခဲ့ရာ သူ့အကြောင်းအတော်သိပါသည်။ ဦးသန်းရွှေသည် တစ်ကိုယ်ရေကိုယ်ကျင့်တရား ကောင်းသည်။ အရက်မသောက်တတ်ပါ။ ရှေးယခင်က စီးကရက်သောက်သည်။ ကွမ်းစားသည်။ နောက်တော့ စီးကရက်နှင့် ကွမ်းယာဖြတ်လိုက်သည်။ မိန်းမကိစ္စလည်း အလွန်ကင်းရှင်းသည်။

တိုင်းပြည်အတွက်လည်း သူလုပ်နိုင်တာတွေလုပ်ခဲ့သည်။ တိုင်းပြည်က လိုအပ်ချက်တွေ သိပ်များနေ၍ သူ့ဆောင်ရွက်ချက်များမှာ ပြည်သူတွေကိုကျေနပ်အောင် မလုပ်နိုင်ခဲ့ပါ။ ကျွန်တော်ကတော့ ကျွန်တော့်စာအုပ်ထဲ၌ သူ၏အတွေးအမြင် သူ့ဆောင်ရွက်ချက် သူ့ပြောကြားချက်များကို Optimism ရှုထောင့်ကချဉ်းကပ်ပြီး ရေးသားတင်ပြခဲ့ပါသည်။

ဒါကို ဖတ်မိသည့်သူများကတော့ . . .

``ခင်ဗျားတစ်ယောက်ပဲ အဲဒီလိုရေးတာ´´ ဟုဆိုကြ၏။

ဦးသန်းရွှေ အာဏာလွှဲယူသွားသူကတော့ ဦးသိန်းစိန် သို့မဟုတ် ဗိုလ်ချုပ်ကြီး သိန်းစိန်။

၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်ထိ ငါးနှစ် သမ္မတလုပ်သွားရသည်။

ဦးသိန်းစိန် သမ္မတသက်တမ်းငါးနှစ်မှာ ပြုပြင်ပြောင်းလဲရေးတွေ ကြိုးစားလုပ်ခဲ့၏။ သို့ရာတွင် တစ်နိုင်ငံလုံးကျေနပ်အောင် မဆောင်ရွက်နိုင်ခဲ့။ ကန့်သတ်ချက်တွေက အများကြီးရှိသည်။

ငြိမ်းချမ်းရေးကန့်သတ်ချက်

စီးပွားရေး ကန့်သတ်ချက်

ပညာရေး ကန့်သတ်ချက်

လူမှုရေး ကန့်သတ်ချက်

ဒီကန့်သတ်ချက်များကြောင့် စိတ်သွားတိုင်းကိုယ်ပါ မလုပ်နိုင်ခဲ့ပါ။

ဒါကိုလည်း အတော်များများက အစာမကျေကြ။ ဝေဖန်ရေးလေကန်ရေးတွေ အများကြီးလုပ်ကြသည်။ ချီးမွမ်းခြေကျောက်တွေ ပြောကြသည်။ ရေးကြသည်။

ဗိုလ်ချုပ်ကြီးသိန်းစိန်ကို ကျွန်တော်သိခဲ့တာကြာပြီ။ ပြောရရင် ဟိုး . . . ၁၉၈၂ ခုနှစ်ကတည်းက သိခဲ့ကြတာ၊ ရှေ့တန်းစစ်မြေပြင်မှာ စစ်တိုက်ရင်း ကြုံဆုံပြီးသိခဲ့ကြတာ၊ အခုဆို အနှစ် ၃၀ ကျော်ခဲ့ပြီ။ တိတိကျကျပြောရရင် ၃၄ နှစ်တောင်ရှိသွားပြီ။

သူနှင့် ကျွန်တော်သည် သက်တူရွယ်တူဖြစ်၏။

ကျွန်တော်က ၁၉၄၅ ခုနှစ် မတ်လမွေး။

သူက ၁၉၄၅ ခုနှစ် ဧပြီလမွေး။

ဒေါ်အောင်ဆန်းစုကြည်က ၁၉၄၅ ခုနှစ် ဇွန်လမွေး။

ကျွန်တော်က ဗိုလ်သင်တန်းအမှတ်စဉ် (၃၆)မှ ၁၉၆၇ ခုနှစ်၊ ဇန်နဝါရီလကျောင်းဆင်း၊ ဗိုလ်ချုပ်ကြီးသိန်းစိန်က ၁၉၆၇ ခုနှစ် ဧပြီလကျောင်းဆင်း၊ ကော်မရှင်နှစ်လည်းတူ၊ အသက်လည်းတူ၍ ၁၉၈၂ ခုနှစ်မှစပြီး သူနှင့်ကျွန်တော်တပ်ထဲမှာ မကြာခဏဆုံသည်။ ဗိုလ်မှူးဘဝ၊ ဒုဗိုလ်မှူးကြီးဘဝ၊ ဗိုလ်မှူးကြီးဘဝနှင့် အကြိမ်ပေါင်း အတော်များများ ဆုံခဲ့ကြသည်။ စကားပြောဖြစ်သည်။ အစည်းအဝေး အတူတက်ဖြစ်သည်။ ထမင်းအတူစားဖြစ်သည်။

၁၉၉၅-၉၆ ခုနှစ် ဗိုလ်မှူးကြီးအဆင့်နှင့် Y.C.D.C ပြောင်းသွားရပြီးသော အခါတွင်ကား ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တပ်ထဲ၌ ရာထူးအဆင့်ဆင့်တက်သွားခဲ့ပြီး ဗိုလ်ချုပ်ကြီးအဆင့်ထိ တိုးမြှင့်ရရှိသွားခဲ့ပါသည်။

ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အရက်မသောက်၊ ဆေးလိပ်မသောက်၊ ကွမ်းမစား၊ မိန်းမမှုကင်းရှင်းနှင့် တပ်ထဲတွင် အလွန်ရှားပါးသည့် အရာရှိကြီးဖြစ်သည်။ သိမ်မွေ့နူးညံ့သူဖြစ်သည်။ ရံဖန်ရံခါတွင် သူ့အားကြည့်ရသည်မှာ စစ်သားတောင် ဟုတ်ပါရဲ့လားဟု ထင်ရ၏။ သူ့တွင် ပိုင်ဆိုင်မှုဆိုသည်မှာလည်း ပြောပလောက်အောင် မရှိပါ။ သူ့အဆင့်နှင့်ထိုက်တန်သည့် ပိုင်ဆိုင်မှုအနည်းငယ်သာရှိ၏။ သူ့လို အခြားဗိုလ်ချုပ်ကြီးတစ်ယောက်ကတော့ ပိုင်ဆိုင်မှုတွေ အများကြီးပါဗျာ။ တစ်သက်စားမကုန်သောက်မကုန်ပါဘဲ။ ဘဏ်တွေ၊ လယ်တွေ၊ ဥယျာဉ်ခြံမြေတွေ၊ ကုမ္ပဏီတွေအစုံပါပဲ၊

ဗိုလ်ချုပ်ကြီးသိန်းစိန်အားလည်း အမြင်မကြည်သူတွေ မကျေနပ်သူတွေ ရှိသည်။ အကောင်း မမြင်သူတွေ ရှိသည်။ သူ သမ္မတဖြစ်လာသောအခါ ထိုသူတွေက သူ့အကြောင်း မကောင်းပြောကြသည်။ ရေးကြသည်။ ကုန်ကုန်ပြောရလျှင် အာဏာလွှဲခါနီး တစ်နိုင်ငံလုံးလျှောက်သွားပြီး သူ လုပ်စရာလေးတွေ လုပ်နေတာတောင် . . .

``ပြုတ်တော့မှာပဲ ဘာဖြစ်လို့လျှောက်သွားပြီး ဟိုလုပ်ဒီလုပ်တွေ လုပ်နေတာလဲ။ အေးအေးဆေးဆေး အိမ်မှာနေရင် ရရဲ့သားနဲ့´´

ဟု မုဒိတာမပွားနိုင်ဘဲ စကားတင်းဆိုကြ၏။

ယခု သူအာဏာစွန့်သွားပြီး အငြိမ်းစားသမ္မတကြီး ဖြစ်သွားပြီ။

ဒီအချိန်မှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အကြောင်းရေးခဲ့သလို ဗိုလ်ချုပ်ကြီး သိန်းစိန်အကြောင်းကိုလည်း စာတစ်အုပ် ကျွန်တော်ရေးလိုက်ပါသည်။ စစ်သားချင်းမို့ Optimism ပဲ ဖြစ်ပါလိမ့်မည်။

ကျွန်တော့်စာအုပ်ကို ဖတ်ကြည့်ကြပြီး စာရှုသူများကတော့ ကြိုက်သလို သုံးသပ်ဆုံးဖြတ်ကြရန် ဖြစ်ကြောင်းပါခင်ဗျား။

နိဂုံးချုပ်ဖော်ပြရပါမူ ယခင်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စာအုပ်မှာကဲ့သို့ စာဖတ်သူများအနေဖြင့် ဤစာအုပ်တွင်လည်း ကျွန်တော်နှင့်လွတ်လပ်စွာ သဘောထားကွဲလွဲခွင့် ရှိကြောင်းပါခင်ဗျား။

**ရွှင်လန်းချမ်းမြေ့ကြပါစေ**

**သောင်းဝေဦး**

*

# အခန်း(၁)
# ကျွန်တော်နှင့်ဗိုလ်ချုပ်ကြီးသိန်းစိန်

## လူချင်းစတင်တွေ့ဆုံကြခြင်း

အချိန်က ၁၉၈၂ ခုနှစ် နွေဦးကာလ။

နေရာက သံလွင်အရှေ့ခြမ်း ကျိုင်းတုံဒေသ။

ကျွန်တော်သည် ၁၉၈၁ ခုနှစ် အောက်တိုဘာလ၌ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း ဗထူးမှ အမှတ်(၁)ဗမာ့သေနတ်ကိုင်တပ်ရင်း၊ မကွေးသို့ဗိုလ်ကြီးဘဝမှ တပ်ခွဲမှူး ဗိုလ်မှူး အဆင့် Major Officiating ဖြင့်ပြောင်းရသည်။

တပ်ကမကွေးမှာ စစ်ဆင်ရေးက သံလွင်အရှေ့ခြမ်း ကျိုင်းတုံဒေသ။

ကျွန်တော်တို့တပ်ရင်းသည် တပ်မ(၈၈) ကွပ်ကဲမှုအောက်က ဖြစ်သည်။ ထိုစဉ်က တပ်မ (၈၈)၌ အောက်ပါခြေလျင်တပ်ရင်းများ ပါဝင်ဖွဲ့စည်းထား၏။

အမှတ်(၁) ဗမာ့သေနတ်ကိုင်တပ်ရင်း - မကွေး

အမှတ်(၁) ချင်းသေနတ်ကိုင်တပ်ရင်း - ပဲခူးယ်ကုန်း

အမှတ်(၁) ကယားသေနတ်ကိုင်တပ်ရင်း - မကွေး

အမှတ်(၂) ဗမာ့သေနတ်ကိုင်တပ်ရင်း - မယင်း

အမှတ်(၁) ခြေလျင်တပ်ရင်း - မင်းလှ

အမှတ်(၅) ခြေလျင်တပ်ရင်း - ညောင်ပင်သာ

အမှတ်(၁၁) ခြေလျင်တပ်ရင်း - ပုသိမ်

အမှတ်(၁၄) ခြေလျင်တပ်ရင်း - ပြည်

အမှတ်(၆) ဗမာ့သေနတ်ကိုင်တပ်ရင်း - ဖြူး

အမှတ်(၁၀၈) ခြေမြန်တပ်ရင်း - ဓနုဖြူ

ပေါင်း ၁၀ ရင်းဖြစ်ပါသည်။

ကျွန်တော် တပ်ခွဲမှူး ဗိုလ်မှူးဖြစ်ချိန်၌ ကျိုင်းတုံဒေသတွင် စစ်မက်အလွန်ထူပြောနေချိန်ဖြစ်၏။

၁၉၈၀ ခုနှစ် ဇူလိုင်လ၌ ဗကပတို့က မိုင်းယောင်းကို ဝင်တိုက်သွားသည်။ မိုင်းယောင်းရှိ ဗျူဟာရုံးနှင့် ချင်း(၃) တပ်ရင်း၌ နာချုပ် ကျသွား၏။

မိုင်းယောင်းဒေသ၌ ဗကပ ကော်(၈၁၅)က အလွန်စွာ၏။ တိုက်ကွက်တွေ မကြာခဏဖော် ထုတ်နေ၏။ မိုင်းယန်း၌ ရှမ်းတပ်မဟာ (၇၆၈) ကလည်း သိပ်ခေသည်မဟုတ်။ စခန်းတွေ၊ မြို့တွေ ဘာတွေ ဝင်တိုက်တတ်သည်။ မိုင်းမ မိုင်းလား၌ ဗကပတပ်မဟာ(၈)ရှိသည်။ ဗကပ တပ်မဟာ သုံးလေးခုပေါင်းကာ ကျိုင်းတုံပြန့်အတွင်း မိုင်းယောင်းပြန့်အတွင်း တိုက်ကွက်တွေ မကြာခဏဖော်နေသည်။ ကျိုင်းတုံနှင့် တာချီလိတ်ကြား မိုင်းပုကြီးဂွင်တွင်လည်း ဗကပကွပ်ကဲမှု ခံယူထားသည့် အဲဗွီ၏ ၉၂၇ လားဟူတပ်များကလည်း မိုင်းပျင်းမှ ခလရ (၄၃)နှင့် တာလေ၊ မိုင်းဆတ်၊ မိုင်းတုံမှ တပ်တွေကို အတော်ဒုက္ခပေးနေသည်။

ပြောရမည်ဆိုက ဗကပတပ်ပေါင်းစုများ စစ်ရှိန်အလွန်တက်၍ အူမြူးချိုကြွနေသည့် ကာလပင်တည်း။

ထိုအချိန်၌ ကျိုင်းတုံတွင် ရှေ့တန်းတပ်မ (၈၈)ဌာနချုပ် ဖွင့်ထားသည်။ ကွပ်ကဲမှုအောက်၌ . . .

ဗျူဟာလည်း သုံးလေးခုရှိသည်။

မိုင်းယောင်းတွင် - တစ်ဗျူဟာ (တပ်မ - ၈၈)

မိုင်းခေတ်တွင် - တစ်ဗျူဟာ (တပ်မ - ၈၈)

မိုင်းဖြတ်တွင် - တစ်ဗျူဟာ (တပ်မ - ၆၆ မှ)

ကျိုင်းတုံတွင် - တစ်ဗျူဟာ (ရပခ မှ)

ရှေ့တန်းတပ်မ (၈၈) ကွပ်ကဲမှုအောက်၌ တပ်ရင်းပေါင်း ဆယ့်လေးငါးရင်းရှိ၏။ သို့ရာတွင် ထိုဆယ့်လေးငါးရင်းဖြင့် သံလွင်အရှေ့ခြမ်းဒေသကြီးတစ်ခုလုံး ကောင်းကောင်းမထိန်းသိမ်းနိုင်ပါ။ တိုက်ခိုက်ရေးတပ် Fighting Force အရန်တပ်မရှိ။ တပ်မဌာနချုပ်မှ တပ်မမှူးအရံအတွက် ကွန်မန် ဒိုတပ်ဖွဲ့ကြီးသုံးခု ဖွဲ့ထားသည်။

ရန်ကြီးအောင်

အောင်ဇေယျ

ဘုရင့်နောင် စသည်တို့ဖြစ်၏။

တပ်ရင်းတစ်ရင်း တပ်စုတစ်စုစီထုတ်နုတ်ကာ ဖွဲ့စည်းပုံအပြည့် လူ ၁၁၅ ယောက်ဖြင့် စုဖွဲ့ထားခြင်းဖြစ်၏။ တပ်ဖွဲ့မှူးများက တပ်ခွဲမှူး ဗိုလ်မှူးတွေ။

ကျွန်တော်သည် ၁၉၈၁ ခုနှစ်၊ နိုဝင်ဘာလဆန်းတွင် ကျိုင်းတုံရောက်ပြီး ဒီဇင်ဘာလကုန်၌ မကွေး ပြန်ဆင်းခဲ့ရသည်။

၁၉၈၂ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းတွင် တပ်နှင့်အတူ ကျိုင်းတုံပြန်တက်ရသည်။ သစ်ပင်တစ်ပင်တောင်ကုန်းတွင် အရန်နေရ၏။

ထိုစဉ်တွင် တပ်မ (၈၈) တပ်မမှူးမှာ ဗိုလ်မှူးကြီးသန်းရွှေ (ယခု အငြိမ်းစားဗိုလ်ချုပ်မှူးကြီး သန်းရွှေ) ဒုတပ်မမှူးမှာ ဗိုလ်မှူးကြီးထွန်းကြည် (ယခု အငြိမ်းစား ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်) တို့ ဖြစ်ကြ၏။

ထိုနှစ် ဖေဖော်ဝါရီနှောင်းပိုင်းနေ့တစ်နေ့၌ ကျွန်တော်သည် ကျွန်တော်တာဝန်ယူထားသည့် သနက (၁) ခွဲ(၁)နှင့်အတူ ကျိုင်းတုံသစ်တစ်ပင်တောင်ကုန်းတွင် ရှိနေ၏။

မနက် ၆ နာရီကျော် ၇နာရီခန့်။

``ပတောက် . . . ပတောက် . . . ပတောက် . . . ဖေါင်းဒိုင်း အုမ်း . . . ဂျိမ်း . . . အုမ်း . . . ဂျိမ်း´´ ငှက်ပျောဖူးလောင်ချာခေါ် RPG သံများနှင့် လက်နက်ငယ်သံများ။

``ဟ . . . သေနတ်သံတွေဟေ့´´

``အစ်ကိုကြီး၊ ရှေ့တန်းတပ်မက ဝမ်ကန်တံတားမှာ ဗကပ ၁၀၀/ ၂၀၀ လောက်နဲ့ တပ်မ (၆၆)က တပ်ခွဲတစ်ခွဲ တိုက်ပွဲဖြစ်နေသတဲ့၊ အဲဒါ စစ်ကူလိုက်ဖို့ ညွှန်ကြားပါတယ်။ တပ်ရင်းမှူးကြီးက အစ်ကိုကြီးတပ်ခွဲ လွှတ်ခိုင်းပါတယ်။ ခဏနေ တပ်မက T.E ကား ၃ စီးရောက်ပါမယ်။ အမြန်ချီတက်ဖို့ပါခင်ဗျ´´

``ရတယ်လေ´´

အိုင်အို ဗိုလ်စိုးညွန့်က လာပြောသဖြင့် ကျွန်တော်သည် တပ်ခွဲကိုအသင့်ပြင်ထား၏။ ခဏအကြာ ကားသုံးစီးရောက်လာသည်။

ကျွန်တော်နှင့်တပ်ခွဲသည် ကားသုံးစီးပေါ် အမြန်တက်ပြီး ဝမ်ကန်တံတားသို့ အပြင်းမောင်းကာ ချီတက်ခဲ့၏။ ဝမ်ကန်တံတားမှာ ကျိုင်းတုံနှင့် လွယ်မွေသွားကားလမ်းပေါ်တွင် ရှိလေသည်။

ဝမ်ကန်တံတားရောက်သော် တံတားစောင့်တပ်ဖွဲ့က . . .

``တိုက်ပွဲက ရှေ့မှာ´´

ဟုဆို၏။ ကားပေါ်မှဆင်းပြီး ခြေလျင်ခရီးဆက်ခဲ့သည်။

နာရီဝက်သာသာသွားပြီးသော် တိုက်ပွဲနေရာသို့ရောက်၏။

ဟ . . . ဗိုလ်ကြီးမောင်မောင်အေးပါလား။

``ဟော့ . . . ကိုမောင်မောင်အေး´´

``ဟာ . . . လာ . . . အစ်ကို´´

``ဘယ်လိုဖြစ်တာလဲ´´

``မြင်တဲ့အတိုင်းပဲအစ်ကိုရေ။ ကျွန်တော်တို့ကလွယ်မွေက တပ်လဲဖို့ဆင်းလာတာ။ ဒီကောင်တွေက မိုင်းနင်းဘက်ကနေပြီး ဘိုရာဆိုင်းဖြတ်ထွက်ပြီး မိုင်းမမိုင်းလားသွားတာ။ အဲဒါဗျာ ကျွန်တော်တို့နားက လာဖြတ်တာ၊ သူ့စစ်ကြောင်းနဲ့ ကိုယ့်စစ်ကြောင်း ထိပ်တိုက်တည့်တည့်တိုးတာ´´

ဗိုလ်ကြီး မောင်မောင်အေးမှာ DSA 15 ဖြစ်၏။ သူ့တပ်မှာတပ်မ (၆၆) မိချောင်းရဲက ဖြစ်သည်။ သူနှင့်ကျွန်တော်က

တိုက်ခိုက်ရေးကျောင်းမှာ နည်းပြနှင့် သင်တန်းသားဘဝက သိခဲ့ကြခြင်းဖြစ်၏။ သိဟောင်းကျွမ်းဟောင်းများပါပေ။

``အခြေအနေဘယ်လိုနေလဲ´´

``ကျွန်တော့်တပ်ခွဲ ပွိုင့်တပ်စိပ်က တပ်စိပ်မှူးအပါအဝင် သုံးယောက်ကျတယ်။ လက်နက် ပါမသွားဘူး။ ဗကပဘက်ကနှစ်လောင်းနဲ့ နှစ်လက်ကျန်ခဲ့တယ်။ စစ်ကူလိုက်လာတာ ကျေးဇူးပဲအစ်ကိုရေ´´

``ရန်သူရော´´

``အစ်ကိုတို့ကားသံတွေကြားတော့ ဘိုရာဆိုင်းဘက်ဆုတ်သွားပြီ။ ဒီကောင်တွေ ကြာကြာ ခံမတိုက်ရဲပါဘူး။ ကျိုင်းတုံနဲ့မှမဝေးတာ´´

``အင်အားများလား´´

``တစ်ရာကျော် နှစ်ရာလောက် ရှိမယ်ထင်တယ်၊ ကော် ၈၁၅ က ကောင်တွေအားလုံးနီးပါး ကော်တွေပေါ့´´

ဗိုလ်ကြီး မောင်မောင်အေးတပ်ခွဲမှ ရဲဘော်အချို့က ကျဆုံးသွားသူသုံးဦး အနီးတွင်ထိုင်ပြီး မျက်ရည်ကျနေကြ၏။ ဗိုလ်ကြီး မောင်မောင်အေးကိုယ်တိုင်လည်း မျက်ရည်ဝဲနေသည်။

``ကျသွားတဲ့ ဆရာလေးက သိပ်တော်တာအစ်ကိုရ။ သိပ်လည်းလိမ္မာတယ်။ သတ္တိလည်း ရှိတယ်၊ တပ်ခွဲမှာ လူချစ်လူခင်များတယ်။ အဲဒါကြောင့် တစ်ခွဲလုံးက စိတ်မကောင်းဖြစ်နေကြတာ။ ပေါင်းသင်းဆက်ဆံရေးကောင်းလို့ ပြန်အဆင်းဆိုတော့ ပိုစိတ်မကောင်းတာပေါ့အစ်ကိုရာ´´

``သြော်´´

``ဟုတ်တာပေါ့ တပ်ပြန်ရောက်ရင် သူ့မိန်းမဘယ်လိုပြောရမှာလဲ ´´

ကျွန်တော်တို့ စကားပြောနေစဉ် လွယ်မွေမှ စစ်ကြောင်း(၂)မှူး ဗိုလ်မှူးစိန်မောင် ရောက်လာ၏။ ကျိုင်းတုံမှလည်း မိချောင်းရဲတပ်ရင်းမှူး ဗိုလ်မှူးကြီးထွန်းမြင့်ဦး ရောက်လာသည်။ နှစ်ယောက်လုံး ကျွန်တော် သိဟောင်းကျွမ်းဟောင်းများပါပေ။

ဗိုလ်မှူးစိန်မောင်က ရေဦးသား၊ သူ့ညီစိန်အောင်နှင့် ကျွန်တော်က အတန်းတူ၊ အခန်းတူ။ ကိုစိန်မောင်က မန္တလေးတက္ကသိုလ်တက်ပြီး စစ်ထဲဝင်သွားသူ။ ဗိုလ်သင်တန်း အမှတ်စဉ် (၃၂)က ဖြစ်၏။ ကျွန်တော့်ထက် ၂ တန်း ကြီးသည်။ တပ်ထဲတွင်လည်း ၂ နှစ် စီနီယာကျပါသည်။ ရေဦး အထက်တန်းကျောင်းမှာကတည်းက အသိတွေဖြစ်၏။

``ဟော့ . . . ကိုစိန်မောင်´´

``ဟော့ . . . ကိုသောင်းဝေ´´

``ကျေးဇူးပါပဲ ကိုသောင်းဝေရာ။ ကိုယ်က ခြေလျင်လာရလို့ နောက်ကျသွားတယ်´´

``ရပါတယ် အစ်ကိုရာ´´

တပ်ရင်းမှူး ဗိုလ်မှူးကြီးထွန်းမြင့်ဦးမှာ ၁၉၇၈ ခု၊ နောင်လိုင်ပါဖန်တိုက်ပွဲကြီး၌ ကျွန်တော် တွဲဖက်ခဲ့ရသည့် တပ်မ (၆၆) ဗိုလ်မှူးကြီးဘုန်းမြင့်ဗျူဟာမှ ဗျူဟာဂျီတူးဖြစ်၏။ တစ်လခန့် သူတို့ ဗျူဟာနဲ့တွဲခဲ့ရသဖြင့် ရင်းနှီးနေပါသည်။

``ကိုသောင်းဝေလေး ကျေးဇူးတင်ပါတယ်´´ ဟု ပဋိသန္ဓာရစကား

ဆိုသည်။

ကျွန်တော်တို့လေးဦး စကားကောင်းနေစဉ် ကားတွေရောက်လာ၍ သူတို့စစ်ကြောင်းများ ကျိုင်းတုံပြန်ဆင်းသွားကြသည်။

ကျွန်တော့်တပ်ခွဲကိုတော့ လွယ်မွေချီတက်ပါတဲ့ဗျာ။ တပ်ရင်းဌာနချုပ်က စက်နဲ့လှမ်းပြောတာ။ ကိုင်း ဒါဆို သွားလိုက်ကြတာပေါ့။ လွယ်မွေလည်း တစ်ခါမှမရောက်ဘူးသေးတာ။

လွယ်မွေကို ခြေလျင်ဆက်ထွက်ခဲ့ရ၏။

လွယ်မွေတွင် ဗိုလ်မှူးစိုးမြင့် (ဂန်ဂျာ) နှင့် တပ်မကွန်မန်ဒို အောင်ဇေယျာတပ်ခွဲရှိသည်။ ဝင်ရောက်တွေ့ဆုံ မိတ်ဆက်စကားပြောကာ အခြေပြုရ၏။ ဗိုလ်မှူးစိုးမြင့်က ခလရ (၁၁) ပုသိမ်မှ ဖြစ်ပါသည်။ အသားညိုညို ထောင်ထောင်မောင်းမောင်း စစ်သားရုပ်။

လွယ်မွေသည် ကျိုင်းတုံရှေ့ကာ ဖြစ်၏။ တပ်မတော်လေမှ Radar Squadron တစ်ခုထားသည်။ လေတပ်က လူအင်အားသုံးလေးဆယ်နှင့် ဒီ Squadron ကို မထိန်းနိုင်ပါ။ သို့ဖြစ်၍ ကြည်းတပ်မှ တပ်ခွဲတစ်ခွဲ လုံခြုံရေးပေးထားရ၏။

ကျွန်တော့်တပ်ခွဲကတော့ လွယ်မွေရှေ့ကာ လှုပ်ရှားရန်ဖြစ်၏။ နောင်ဟွိုင် ပါခါး၊ ခွန်ပုတ်၊ ထင်းရှူးတောင်နှင့် မိုင်းငေါ်င်းမှ နမ့်ပလွေချောင်းထိ လှုပ်ရှားပေးရမည်ဖြစ်သည်။ ဟိုဘက်ကတော့ ဗကပ ကော် ၈၁၅ ၏ တပ်မဟာဌာနချုပ် ဝမ်ကျင်းဆန်တောက်ဒေသ ဖြစ်ပါ၏။

ကျွန်တော်ဦးစီးတပ်ခွဲသည် လွယ်မွေကို Firm Base ပြုလုပ်ထားပြီး

လွယ်မွေနှင့် နမ့်ပလွေ ချောင်းကြား Radar Station ရှေ့ကာ Screen အဖြစ် လှုပ်ရှားရသည်။ ပေါ့ပေါ့ပါးပါးဖြင့် သွားလာသည်။ ပြဿနာဖြစ်မှာစိုး၍ အထမ်းသမားမခေါ်ပါ။ ရိက္ခာကတော့ တစ်နိုင်တစ်ပိုင် သုံးရက်စာပဲ သယ်ပါသည်။ သိပ်လိုအပ်ရင် ငါးရက်စာသယ်သည်။ ကိုယ့်ဟာကိုယ်သယ်တာပါ။ အထမ်းသမား မပါပါ။

လွယ်မွေတွင် တပ်မ (၈၈) အောင်ဇေယျ ကွန်မန်ဒိုတပ်ဖွဲ့ကြီးက အထိုင်ချပြီးနေသည်။ တပ်ဖွဲ့မှူး ဗိုလ်မှူးစိုးမြင့်ကား DSA-9 မှဖြစ်၏။ ခင်တတ်မင်တတ်သည်။ နှုတ်စလျှာစကောင်းသည်။

ယမကာလည်း ဝါသနာပါ၏။ ကျွန်တော်ကလည်း ယမကာဝါသနာပါသူဖြစ်ရာ ဗိုလ်မှူးစိုးမြင့်နှင့် သူတော်ချင်းချင်း သတင်းလွေ့လွေ့ ပေါင်းဖက်တွေ့ကြသည်။

လွယ်မွေရောက်တိုင်း သူ့စခန်းမှာခေါ်ပြီး ညစာကျွေးတတ်၏။ ထမင်းနှစ်ခါသုံးခါ အတူစားပြီးသောအခါတွင် ဗိုလ်မှူးစိုးမြင့်နှင့် ကျွန်တော်သည် အကျင့်တူဝါသနာတူတွေမို့ အလွန်ရင်းနှီးသွားကြ၏။ သူနှင့်ကျွန်တော်ကလည်း မွေးနှစ်မွေးလတူကြ၏။ ၁၉၄၅ ခုနှစ် မတ်လမွေးတွေ။

မတ်လဆန်းစ တစ်ရက်ဖြစ်၏။

ရိက္ခာကုန်သဖြင့် မိုင်းငေါင်းထင်းရှူးတောင်မှ လွယ်မွေပြန်ဝင်ခဲ့၏။ မနက်စောစော ထထွက်ခဲ့ရာ နေ့လယ်ထမင်းစားချိန် လွယ်မွေရောက်သည်။ ဗိုလ်မှူးစိုးမြင့်ရုံးသို့ ဝင်ခဲ့၏။

``ဟာ . . . ကိုသောင်းဝေ လာဗျာ။ အတော်ပဲ ဒီမှာ ကျွန်တော့်တစ်ပတ်တည်းဆင်းသူ ငယ်ချင်းတစ်ယောက်

ရောက်နေတယ်ဗျာ။ ခင်ဗျားနဲ့မိတ်ဆက်ပေးရဦးမယ်´´

သူနှင့်အတူတူ ခပ်ပိန်ပိန် အသားလတ်လတ်နှင့် ဗိုလ်မှူးတစ်ဦး ထမင်းအတူစားနေကြ၏။ မျက်နှာခပ်ဝိုင်းဝိုင်း သိမ်မွေ့သောအပြုံးနှင့်ဖြစ်၏။

``ဟော့ . . . သူငယ်ချင်း ကိုသိန်းစိန်၊ ဒါ သနက(၁)က ကိုသောင်းဝေ။ ကိုယ်တို့လွယ်မွေကို စောင့်ရှောက်နေတဲ့ ပုဂ္ဂိုလ်ကြီးပေါ့ ´´

``ကိုသောင်းဝေ လာဗျာ၊ ထမင်းတစ်ခါတည်း ဝင်စား´´

ဗိုလ်မှူးစိုးမြင့်က ခေါ်သဖြင့် ထမင်းဝင်စားရတော့၏။

ထိုအခါ ထမင်းစားနေသည့် ဗိုလ်မှူးသိန်းစိန်ဆိုသူက သိမ်မွေ့စွာပြုံးပြီး . . .

``ဟုတ်ကဲ့ ကျွန်တော်သိန်းစိန်ပါခင်ဗျာ၊ ဗိုလ်မှူးနဲ့တွေ့ရတာ ဝမ်းသာပါတယ်´´

ဟု ယဉ်ကျေးစွာပြော၏။

``ဪ . . . ဟုတ်ကဲ့၊ လွယ်မွေကို ဘာကိစ္စရှိလို့ တက်လာကြတာလဲ´´

``Radar စခန်းအတွက် ရိက္ခာလာပို့တာပါ။ Convoy နဲ့ပါ။ ဒီကပြန်ဆင်းရင်တော့ မိုင်ခုတ် မိုင်းနင်းဘက် တပ်ရင်းမှူးကြီးနဲ့ သွားဖို့ရှိပါတယ်´´

``ဪ´´

သူ့တပ်ရင်းမှူးမှာ OTS ၂၇ မှ ဗိုလ်မှူးကြီးကျော်စိန်ဖြစ်၏။

သူတို့တပ်ရင်းမှာ ဓနုဖြူအခြေစိုက် ခမရ (၁၀၈) ဖြစ်လေသည်။ သူ့တပ်ရင်းမှူး ဗိုလ်မှူးကြီးကျော်စိန်နှင့် ကျွန်တော့်တပ်ရင်းမှူး ဗိုလ်မှူးကြီးကိုလေးတို့မှာ ဗိုလ်သင်တန်း တစ်ပတ်တည်းဆင်းဖြစ်၏။ ဒါ့အပြင် ခမရ (၁၀၈)တွင် ကျွန်တော်နှင့် တစ်ပတ်တည်းဆင်း မောင်ဗမာ ဗိုလ်မှူးမောင်မောင်သန်းရှိသည်။

ထမင်းအတူစားရင်း သူတို့အပတ်စဉ်နှင့် ကျွန်တော်တို့အပတ်စဉ် မရှေးမနှောင်း ကျောင်းဆင်းကြ၍ မကြာခဏ ခြေလျင်တပ်ရင်းများ၊ သင်တန်းများ၌ ကြုံကြဆုံကြပုံကို ပြောဖြစ်ကြ၏။

ထိုအချိန်က ကျွန်တော်သည် DSA – 9 များနှင့် အတော်ဆုံခဲ့ပြီးဖြစ်သည်။ ခလရ (၁၉) တွင် သင်တန်း ၂ ခုတက်ခဲ့ရရာ ကိုဝေလင်း၊ ကိုဝင်းဆွေ (အပုလေး) တို့နှင့် ဝဲဂလီတွင်ငင်း၊ မော်လမြိုင်ကန် ၃ ကန်တွင် ကိုခင်မောင်ညွန့်နှင့် ကိုမောင်ထွန်း(ရေ) တို့နှင့်ဆုံခဲ့ရ၏။ DSA – 9 တွေ ခလရ (၆၁)၌ ကိုကောက်တင်နှင့် အတူနေခဲ့ရ၏။ တိုက်ခိုက်ရေးကျောင်း၌ ကိုမြင့်ရွှေ၊ ကိုမြင့်စိန်၊ ကိုနေဝင်း၊ တပ်ခွဲမှူး သင်တန်းတက်ခဲ့စဉ်က ကိုမောင်မောင်၊ ကိုတင်ထွတ်၊ ကိုတင်မြင့်၊ ကိုနေမျိုး၊ ကိုစိုးသိန်း၊ ကိုရဲမြင့်စိုး ဒီနောက်လည်း အတော်များများ သင်တန်းများတွင် ထပ်ဆုံခဲ့၏။

တပ်ရင်းမှူးသင်တန်းတွင် ကိုစိုးမြင့်၊ ကိုထွန်းရီ၊ ကိုသိန်းလွင် အင်ဂျင်နီယာသင်တန်းတွင် ကိုစိုးသိန်း စသူတို့ဖြစ်၏။ တပ်ရင်းမှူးဖြစ်တော့ ကိုအေးမြင့်နဲ့ စသိရသည်။ NDC အတူတက်ရသည်။ တပ်မ (၃၃) မှာ ပြန်ဆုံပြန်သည်။

တိုက်ခိုက်ရေးကျောင်း လာတွဲသည့် စာရေးဆရာ လှမြင့် (ပုသိမ်) ခေါ် ကိုလှမြင့်ကား ကျောင်းမှာရှိစဉ်က အိမ်သို့ ခဏခဏလာပြီး

Scrabble ကစားတတ်၍ အထူးရင်းနှီးခဲ့၏။

ဆက်သွယ်ရေးသင်တန်းတက်ခဲ့စဉ်က ကိုမြင့်ဆွေနှင့် သိခဲ့ရ၏။ သူက DSA First Eleven ဘောလုံးသမား။ ဘောလုံးအလွန်ကောင်းသည်။ တပ်ခွဲမှူး ဗိုလ်မှူးဘဝ၌ စစ်မြေပြင်မှာ ကျဆုံးသွားခဲ့၏။

အခြားဘောလုံးသမားတစ်ဦးဖြစ်သည့် ကိုသန်းအောင် (အသေးလေး)။

ကိုသန်းအောင်ကိုတော့ ကျွန်တော်အရပ်သားကတည်းက သိခဲ့သည်။ ရန်ကုန် ကန်တော်လေး ၉၄ လမ်းထဲမှဖြစ်သည်။ သူ DSA တက်နေစဉ်က ကျွန်တော်က နေ့မူလတန်းပြဆရာ ညလုပ်သားကောလိပ်မှာ ကောလိပ်ကျောင်းသား။ သူ့အိမ်ဘေးမှ လုံးကြီးပေါက်လှဆရာမကြီးနဲ့ တွဲနေသည်။ မမထားနဲ့ အပါလုပ်နေချိန်။ လုပ်သားကောလိပ်မှာ ကျောင်းအတူတက်ပြီး ကြည်နူးပြုံးပျော်နေချိန်။ ဆရာမကြီးက ကိုသန်းအောင်နှင့် အိမ်ချင်းကပ်လျက်။ ကိုသန်း အောင်က အစ်မကြီးဆီ စာပုံမှန်ရေးနေကြ။ ကျွန်တော်တို့နှစ်ယောက် ဘွဲ့ရပြီးစအချိန်။

တစ်ရက်တွင် ကိုသန်းအောင် တတိယနှစ် ဗိုလ်လောင်းကျောင်းသားဘဝ၌ စာတစ်စောင် နှင့် ဗိုလ်လောင်းဓါတ်ပုံတစ်ပုံ အစ်မကြီးဆီပို့သည်။

စာဖတ် ဓါတ်ပုံကြည့်ပြီး . . .

ထိုဓါတ်ပုံကို ဆရာမကြီးက ကျွန်တော့်ကိုပြ၏။ ပြီးတော့ စသလိုနောက်သလို ထိကပါးရိကပါး ပြောသည်။ သူပြောတာထဲတွင် ကိုသန်းအောင် DSA ကကျောင်းသားဖြစ်၍ ယခု

အလွန်စန်းပွင့်နေကြောင်း၊ ယခုကတည်းက ဧစ့စပ်ချင်သူတွေ ဝိုင်းဝိုင်းလည်နေကြောင်း၊ ဒ့ါအပြင် ဆရာမကြီးက သူမ၏အစ်ကိုများမှာ စစ်သားကြီးများဖြစ်၍ သူမအလွန်ဂုဏ်ယူကြောင်း (အဲဒီတုန်းက စစ်သားတွေကြီးစိုးတဲ့ တော်လှန်ရေးကောင်စီ အစိုးရခေတ်လေ)။

ကျွန်တော့်ကိုလည်း စစ်သားလုပ်နိုင်ရင် လုပ်ကြည့်စေချင်ကြောင်း၊ ကြည်းတပ်မှာ အလွန် ပင်ပန်းသဖြင့် ကျွန်တော့်လို ရောဂါသည်ခယိုးခယိုင်လေးက စစ်သားဖြစ်နိုင်မယ်မထင်ကြောင်းတွေ ပါ၏။ Foul တွေဗျာ။ သူ့ဟာသူ ဟိုက ဗိုလ်လောင်းခါတ်ပုံပို့တာနဲ့ ကျွန်တော်နဲ့ဘာဆိုင်လဲ သက်သက်လူကိုလာပြီး သိက္ခာချတာ။

ထိုအခါ ယောက်ျားမာနကို ထိပါးသဖြင့် ခယိုးခယိုင်နှင့် ဗိုလ်သင်တန်းသွားလျှောက်ရာ အောင်သွားသဖြင့် တစ်နှစ်လောက် ဗိုလ်သင်တန်းတက်ပြီး ၁၉၆၇ ခုနှစ်၊ နှစ်ဆန်းတွင် တပ်မတော် ကြည်း၌ ဗိုလ်ဖြစ်လာတော့၏။ ၁၉၆၇ ခုနှစ် ဇန်နဝါရီဆိုတော့ . . .

DSA – 9 ထက် သုံးလစောပြီး ဗိုလ်ဖြစ်သွားပါသည်ခင်ဗျား။

ထိုအခါ မလိမ္မာ ဗါလာနမိုက်ခဲ ကျွန်တော်သည် ဆရာမကြီးကို . . .

``ကျုပ်က ကိုသန်းအောင်ထက် သုံးလစောပြီး ဗိုလ်ဖြစ်ပါတယ်ဗျာ ´´ ဟုသွားပြောခဲ့၏။

ဒါက ကိုသန်းအောင်နဲ့ ဆရာမကြီးတို့၏ ကျေးဇူးများဖြစ်ပါ၏။ ထားပါတော့ ကြုံလို့ပြောရတာပါ။ ဒါလည်း ပြောတာထပ်နေပါပြီ။

ဗိုလ်မှူးစိုးမြင့်နှင့် ထိုညက ထမင်းအတူစားတော့ ထိုအကြောင်းများကိုပြောဖြစ်ပြီး ရယ်မောရပါသေးသည်။

ယမကာလေး ပေါက်ပေါက်မြောက်မြောက်နှင့် ပြောရတာ အတော်အားရပါသည်။ ခံတွင်းတွေ့လှ၏။ စကားဆက်ပြောဖြစ်ကြသည်။

``ဗိုလ်မှူးသိန်းစိန်ကိုတော့ ခုမှတွေ့ဖူးတာဗျ၊ အတော်အေးချမ်းတဲ့လူပဲဗျာ´´

``သူက အရက်မသောက်၊ ဆေးလိပ်မသောက်၊ ဘာညာကွိကွ ဝါသနာမပါနဲ့ ဘုန်းကြီးစစ်သားဗျ။ သူနဲ့ကျွန်တော်က DSA လေးနှစ်ကြီးများတောင် အတူနေလာတော့ သူ့အကြောင်းအတွင်းသိ အစင်းသိပေါ့ဗျာ´´

``သူက Polite လည်း သိပ်ဖြစ်တယ်´´

``ဟုတ်မယ်၊ ကျွန်တော့်ကိုတောင် တလေးတစားနဲ့ ဗိုလ်မှူးတဲ့ဗျာ´´

ထိုစဉ် ကျွန်တော်သည် Major Officiating နောက်ကျသဖြင့် Major အပွင့် မတပ်ရသေးပါ။ ကပ္ပတိန်အပွင့်ကလေး သုံးပွင့်သာ တပ်ရသေး၏။ ကိုစိုးမြင့်တို့၊ ကိုသိန်းစိန်တို့က Major အပွင့်တွေ ရနေကြပါပြီ။

ကျွန်တော် Major မဖြစ်သေးသော်လည်း ဗိုလ်မှူးသိန်းစိန်က ကျွန်တော့်ကို လေးလေးစားစား ဗိုလ်မှူးဟုခေါ်သွား၏။

အချင်းချင်း ဗိုလ်မှူးအခေါ်ခံလိုက်ရ၍ သူ့ကိုတစ်ကြိမ်တွေ့ရုံနှင့် ကောင်းစွာမှတ်မိသွားတော့၏။ ဩော် . . . စစ်သားတန်မယ့်နဲ့ အတော်ယဉ်ကျေးတဲ့သူပါလားဟုလည်း တွေးလိုက်မိပါသည်။ အတော်လည်း လေးစားမိသွား၏။

ဤသည်မှာ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ကျွန်တော် ပထမဆုံး စတင်ကြုံတွေ့ပုံပါခင်ဗျား။

*